ASEAN PARLIAMENTARIANS FOR HUMAN RIGHTS | AMNESTY INTERNATIONAL

www.amnesty.org

## AMNESTY INTERNATIONAL PUBLIC STATEMENT

21 November 2019 ASA 16/1440/2019

# မြန်မာ။ ။ ရက္ခိုင့်တပ်တော် (အေအေ) မှ ဖမ်းဆီးထိန်းသိမ်းထားသည့် ချင်းပြည်နယ်လွှတ်တော်အမတ်၏ လုံခြုံရေးအတွက်စိုးရိမ်ခြင်း

အပြည်ပြည်ဆိုင်ရာလွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) နှင့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမာန်အမတ်များအဖွဲ့ (ASEAN Parliamentarians for Human Rights) မှ မြန်မာနိုင်ငံအနောက်ဘက်ပိုင်းတွင် အဓိက လှုပ်ရှားသည့် ရခိုင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အေအေ မှ ဖမ်းဆီးသွားခဲ့သည့် ချင်းပြည်နယ်မှ ပြည်ထောင်စုလွှတ်တော်အမတ် ချင်းအမျိုးသားဦးဝှေ့တင်း၏ လုံခြုံရေးနှင့် နေရေးထိုင်ရေးအတွက် အထူးပင်စိုးရိမ်ပူပန်မိပါသည်။

ဦးဝှေ့တင်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရခိုင်လက်နက်ကိုင်အဖွဲ့ အေအေ မှ ဖမ်းဆီးသွားခဲ့သော (၁၀) ဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ အိန္ဒိယလူမျိုး ၅ဦး အပါအဝင် အရပ်သား (၁၀) ဦးတို့သည် ချင်းပြည်နယ် ပလက်ဝမှ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ လှေဖြင့် ခရီးသွားစဉ် အေအေ အဖွဲ့၏ အဖမ်းဆီးခံရခြင်းဖြစ်သည်။ ၎င်းတို့အနက်မှ အိန္ဒိယနိုင်ငံသား ၁ ဦးမှာ အကြောင်းရင်း ရှင်းရှင်းလင်းလင်းမသိရသည့် အနေအထားမျိုးဖြင့် အေအေ ထိန်းသိမ်းထားစဉ် သေဆုံးသွားခဲ့သည်။ ကျန် (၈) ဦးတို့အား နောက်ရက်တွင် သေဆုံးသွားသည့် အိန္ဒိယနိုင်ငံသား အမျိုးသား၏ အလောင်းနှင့် အတူ ပြန်လွှတ်ခဲ့သော်လည်း ဦးဝှေ့တင်းမှာမူ ဆက်လက်ထိန်းသိမ်းခံထားရသည်။ အေအေ မှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) လွှတ်တော်အမတ် ဦးဝှေ့တင်းအား ၎င်းတို့အဖွဲ့၏ သတင်းအချက်အလက်ကို မြန်မာစစ်တပ်အားပေးသည်၊ ချင်းနှင့် ရခိုင်အသိုင်းအဝိုင်းကြား တင်းမာမှုများ ဖန်တီးနေသည်ဟု စွတ်စွဲကာ ဖမ်းဆီးထားခြင်းဖြစ်သည်။ သူ၏မိသားစုမှ ထိုစွတ်စွဲ ချက်ကို ငြင်းဆိုထားပါသည်။

မြန်မာစစ်တပ်နှင့် ရခိုင်လက်နက်ကိုင် အဖွဲ့ အေအေ တို့၏ ပဋိပက္ခကဲ့သို့ နိုင်ငံတကာသဘောမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သူအားလုံးသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအား လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ ၎င်းဥပဒေတွင် လူသားတို့၏ အသက်ကို ခြိမ်းခြောက်ခြင်း၊ အထူးသဖြင့် စစ်ပွဲတွင် မပါဝင်သော မသက်ဆိုင်သော အရပ်သားတို့အား သတ်ဖြတ်ခြင်း၊ နှင့် လူသားတို့၏ လွတ်လပ်ခွင့်အား အကြမ်းဖက်ခြင်းဖြင့် ဆုံးရှုံးစေခြင်း စသည်တို့ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာလွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ နှင့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမာန်အမတ်များအဖွဲ့ မှ အေအေ အား အရပ်သားစစ်စစ်ဖြစ်သော ဦးဝှေ့တင်းအား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုပါသည်။ ထို့ပြင်

မြန်မာအာဏာပိုင်များအားလည်း အေအေ ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးခဲ့ရသည့် အိန္ဒိယလူမျိုး၏ သေဆုံးခဲ့ရမှုအားလည်း လွတ်လပ်ပြီးဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုကို ချက်ချင်းပင် စတင်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

အပြည်ပြည်ဆိုင်ရာလွပ်ငြိမ်းချမ်းသာခွင့်အဖွဲ့ နှင့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမာန်အမတ်များအဖွဲ့ မှ အရှေ့တောင်အာရှတွင် လွှတ်တော်အမတ်များအား တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းများ များပြားလာခြင်းအပေါ် စိုးရိမ်ပူပန်လျက်ရှိပါသည်။ ဥပဒပြေုသူများအား တိုက်ခိုက်ခြင်းသည် ပြည်သူများအတွက် ကိုယ်စားပြုခွင့်ကို ထိခိုက်ပြီး ဥပဒေပြုလွှတ်တော်အတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်သည့် ရိုက်ခတ်မှုမျိုးရှိစေပါသည်။

အပြည်ပြည်ဆိုင်ရာလွပ်ငြိမ်းချမ်းသာခွင့်အဖွဲ့ နှင့် လူ့အခွင့်အရေးဆိုင်ရာ
အာဆီယံပါလီမာန်အမတ်များအဖွဲ့သည် ယမန်နှစ်က အေအေ မှ ဖမ်းဆီး ထားသည့် ချင်းလူမျိုးအရပ်သား အမျိုးသား (၁၁) ဦးနှင့် ယောက်ျားလေး ကလေးငယ် (၂) ဦး အပါအဝင် စုစုပေါင်း (၁၃) ဦးတို့၏ ကံကြမ္မာနှင့် သူတို့ဘယ်မှာရှိတယ်ဆိုတာနှင့်ပါတ်သက်ပြီးလည်း စိုးရိမ်ပူပန်မှုရှိပါသည်။
အရပ်သားများအား ဖမ်းဆီးထားခြင်းအား ချက်ချင်းလွှတ်ပေးရန် မိမိတို့အဖွဲ့များမှ တောင်းဆိုပါသည်။ အေအေ မှဖမ်းဆီးထားသည့် အရပ်သားဖြစ်စေ၊ သုံ့ပန်းအားဖြစ်စေ လက်နက်ကိုင်
အဖွဲ့ကဖမ်းဆီးထားသည့်အကြောင်းအား မိသားစုများအား အရေးပေါ် ချက်ချင်းအကြောင်းကြား ပေးရန်နှင့် ထိုဖမ်းဆီးခံထားရသူများနှင့် ၄င်းတို့၏မိသားစုများအား အဆက်အသွယ် ပြုလုပ်ခွင့် ပေးသင့်ပါသည်။

ရခိုင်လက်နက်ကိုင်အဖွဲ့ အေအေ နှင့် မြန်မာစစ်တပ်မှ
လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့်ပါတ်သက်ပြီး ထုတ်ဖော်ပြောဆိုသူများ ဖွင့်ချသူများသည်
လက်တုံ့ ပြန်ခြင်းများနှင့် ခြိမ်းချောက်မှုများ ကြုံတွေ့နိုင်ပါသည်။ ချင်းအမျိုးသား တက်ကြွ လှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ဦးပေ့တင်းနှင့်အတူ ဖမ်းဆီးခံရသည့် အရပ်သား
များအတွက် ဆောင်ရွက်ပေးနေကြသူများအား ခြိမ်းချောက်မှုများ
ရှိသည်ဟူသော အစီရင်ခံစာများကြောင့် စိုးရိမ်ပူပန်မိပါသည်။ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ချင်းအမျိုးသား အဖွဲ့အစည်း ၄၃ ဖွဲ့နှင့် သတင်းမီဒီယာများမှ ဦးပေ့တင်းအား အမြန်လွှတ်ပေးရေးကို တောင်းဆို ထားသည့် ပူးတွဲကြေ်ငြာချက်စာတမ်းများ ထုတ်ပြန်ကြသည်။ ထိုအချိန်မှစ၍ ချင်းလူ့အခွင့်အရေး အဖွဲ့ အပါအဝင် ကြေ်ငြာချက်စာတမ်းတွင် လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းနှင့် သက်ဆိုင်သူတို့သည်အမည်မသိ
ခြိမ်းချောက်စာများ၊ ဖုန်းခေါ်ဆိုမှုများ လက်ခံကြရသည်ဟု ကြားသိရသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများအရ မြန်မာအာဏာပိုင်များတွင် ပြည်သူ များအားလုံး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရှိနိုင်ရန်၊ အစိုးရမဟုတ်သည့်
အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုခံရသူများအား  အကာအကွယ်ပေးရာတွင်
ထိုက်သင့်သောဂရုစိုက်မှုမျိုးဖြင့်  ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ လွှတ်တော်အမတ်များ၊ တက်ကြွလှုပ်ရှားသူ

အရပ်ဘက် အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ခုခံကာကွယ်သူများအား ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ နာကျင်စေခြင်းတို့ ကင်းရှင်းကာ ၎င်းတို့တတ်ကျွမ်းသည့်ပညာရပ်ဆိုင်ရာ လုပ်ငန်းများကို အပြည့်အဝလုပ်ဆောင်နိုင်စေရန်မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကို မြှင့်တင်ပေးခြင်း၊ အကာအကွယ် ပေးခြင်းတို့အတွက် အဓိကကျသည့် အစိတ်အပိုင်းဖြစ်ပါသည်။

**နောက်ခံသမိုင်းကြောင်း**

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ မြန်မာနိုင်ငံအနောက်ပိုင်းရှိ ရခိုင်ပြည်နယ်တွင် ရခိုင်လက်နက်ကိုင်အဖွဲ့ အေအေနှင့် မြန်မာစစ်တပ်တို့ အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ တစ်စထက်တစ်စ ပိုမိုပြင်းထန်လာခဲ့သည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ မြန်မာစစ်တပ်၏ အရပ်သားများအားသေကြေ ဒဏ်ရာရစေသော ဥပဒေမဲ့ တိုက်ခိုက်မှုများ၊ ထင်သလိုဖမ်းဆီးမှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများနှင့် အခြားရက်စက်မှုများ၊ ဥပဒေမဲ့သတ်ဖြတ်မှုများ၊ အဓမ္မခေါ်ဆောင် ဖျောက်ဖျက်မှုများ၊ အဓမ္မလုပ်အားပေးစေခိုင်းမှုများ အပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများအား ဆိုးဝါးသည့်ချိုးဖောက်မှုများကို မှတ်တမ်းတင်ပြုစုထားပါသည်။ ယင်းချိုးဖောက်မှုများမှ အချို့သည် စစ်ရာဇဝတ်မှု မြောက်ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ အေအေ ဆောင်ရွက်ခဲ့သည့် အရပ်သားများအား ဖမ်းဆီးခေါ် ဆောင်ခြင်း၊ လွတ်လပ်ခွင့်ကို ဥပဒေမဲ့ဆုံးရှုံးစေခြင်း စသည့် ချိုးဖောက်မှုများကိုလည်း မှတ်တမ်းတင်ပြုစုထားပါသည်။